**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (ဇန်နဝါရီလ ၇ ရက်၊ ၂၀၂၀)**

**နေရာ။ ။ MNN Office**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ အထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၃၈)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၄၁)ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဥ်များ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ အဖြစ် အစည်းအဝေးအစီအစဥ်ပထမပိုင်းကို ဦးအာကာစိုးနောင် (MCRDN)နှင့် အစီအစဥ် ဒုတိယပိုင်းကို ဦးကျော်သန်းထွန်း (Ratna Mahal) **တို့က ဆောင်ရွက်ခဲ့သည်။ သဘာပတိက** နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

**အစည်းအဝေး အစီအစဥ် ပထမပိုင်း**

| Discussion Point | Decision/ Action Point |
|---|---|
| **<u>WRTC</u>**<br><br>• ၂၀၀၃ ခုနှစ်က စတင်ခဲ့သော နယ်သာလန် အခြေစိုက် အဖွဲ့အစည်း တခုဖြစ်ကြောင်း၊ နာဂစ်ကာလအတွင်းတွင်လည်း INGO အနေဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ ယခုအခါ ပြည်တွင်းအန်ဂျီအိုတခုအနေဖြင့် ပြောင်းလဲ ဖွဲ့စည်းပြီး မှတ်ပုံတင်ထားကြောင်း၊ ရေနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများ၊ အတိုင်ပင်ခံလုပ်ငန်းများကိုလည်း လုပ်ဆောင်နေကြောင်း၊ မြန်မာအန်ဂျီအိုကွန်ရက်တွင် ပါဝင်ပြီး အတူတကွ ပူးပေါင်းလုပ်ဆောင်သွားလိုကြောင်း ဒေါ်ခင်သိန်းထွေးက အသိပေးတင်ပြခဲ့သည်။ | |
| <u>STUM</u><br><br>• အလုပ်သမားအရေးကို အဓိကလုပ်ဆောင်နေကြောင်း၊ ဈေးဝယ်စင်တာများရှိ ဝန်ထမ်းများသည် အလုပ်ချိန်များခြင်း၊ ပညာသင်ချိန်နည်းခြင်းတို့ရှိနေသည်ကိုလည်း တွေ့မြင်နေကြရကြောင်း၊<br><br>• အလုပ်သမားများ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းနိုင်သည်ဟု ပြဋ္ဌာန်းထားသော်လည်း အလုပ်သမားများအတွက် ခက်ခဲနေသေးကြောင်း၊ ထိုကဲ့သို့ ဖွဲ့စည်းပါက အလုပ်ပြုတ်နိုင်ကြောင်း၊ ရွှေပြည်သာမြို့နယ်တွင် ရုံးခန်းဖွင့်ထားကြောင်း၊ အလုပ်သမားများအတွက် သင်တန်းပေးခြင်းနှင့် အခြားကိစ္စရပ်များကို ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်း ကူညီဆောင်ရွက်ပေးနေကြောင်း၊ Survey လုပ်ထားသည်များလည်း ရှိကြောင်း ဦးနေဝင်းဦးက ပြောကြားခဲ့သည်။<br><br>• အလုပ်သမားအဖွဲ့အစည်းတခုက ဦးဆောင်ပေးလျှင် အဆင်ပြေနိုင်ကြောင်း ဦးရှိန်က အကြံပြုခဲ့သည်။ | |
| **<u>CVT</u>**<br><br>**CVT Myanmar**သည် ၂၀၀၂ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား **Mr.Max-O Wey.** ၏ထောက်ပံ့ တည်ထောင်မှုဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ လမ်းပျောက်နေသော ကျောင်းပြင်ပရောက် ကလေးများကို အခမဲ့ ပညာသင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးခြင်း တို့ ပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ **CVT Myanmar** ၏ သက်မွေးအကြို **Youth for Education Program** မှ ကျောင်းပြီးသွားပြီး ကျောင်းပညာရေးစိတ်ဝင်စားပြီး ပညာဆက်လက်သင်ယူချင်သော ကလေးများကို ဖောင်တော်ဦး ဘုန်းကြီးကျောင်း နှင့်ချိတ်ဆက် ၍ စတန်း ဝင်ခွင့်ဖြေဆိုစေပြီး ကျောင်းအတန်းပညာ | |

| | |
|---|---|
| ဆက်လက်ဆက်ရောက်စေကြောင်း၊ လုပ်ငန်းခွင်ဝင်ရောက်ပြီး ပညာသင်ကြားလိုသော ကလေးများကို **CVT Myanmar** တွင် ဆက်လက်၍ စိတ်ဝင်စားရာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတွင်ဆက်လက် ပညာသင်ကြားပေးနေကြောင်းနှင့်ထိုလူငယ်များအားသက်ဆိုင်ရာဘာသာရပ်အလိုက်လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးစီစဉ်ပေးလျက်ရှိကြောင်း ပြောကြားသွားပါတယ်။ **CVT Myanmar** စတင် တည်ထောင်စဉ် က မြန်မာနိုင်ငံကြက်ခြေနီရုံးတွင်သာ ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်တွင်တော့ အလုပ်သမားဝန်ကြီးဌာန ပညာရေးဝန်ကြီးဌာနများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နေပြီး သဃ်န်းကျွန်း နှင့် မရန်းကုန်း မင်းဓမ္မတို့တွင် ပြောင်းရွှေ့ဖွင့်လှစ်ထား ပါကြောင်း၊ အခြား မြန်မာနိုင်ငံ အတွင်းရှိ လူငယ်များ အတွက်အသက်မွေးဝမ်းကြောင်း အတတ်ပညာသင်တန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်တွင် **MRCS**နှင့်ပူးပေါင်း၍ လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့တွင် **CBU**အဖွဲ့နှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကြောင်းသင်တန်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ လက်ရှိတွင်လည်း **CVT Myanmar** တွင် ဆက်လက်၍ အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကာလတို သင်တန်းများ ကို ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း စသည်ဖြင့် **CVT Myanmar** ၏ ဆောင်ရွက်နေမှုများကို ဒေါ်သွေးသွေးမောင် က အသိပေးမျှဝေဆွေးနွေးခဲ့ပါသည်။ | |
| <u>ငြိမ်းချမ်းမေတ္တာ</u><br>• ၂၀၁၂ခုနှစ်က စတင်ပြီး FFP အနေဖြင့် လုပ်ဆောင်နေကြောင်း၊ ၂၀၁၆ခုနှစ်တွင် အသင်းအဖွဲ့မှတ်ပုံတင် ရရှိခဲ့ကြောင်း၊ ဘာသာပေါင်းစုံမှ အကြီးအကဲများ ပါဝင်သော Core Member ၆ဦးဖြင့် ဖွဲ့စည်းထားပြီး လူငယ်များ၊ အမျိုးသမီးများလည်း ပါဝင်နိုင်အောင် ဖွဲ့စည်းထားကြောင်း၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် တကြိမ်၊ ၂၀၁၉ခုနှစ်၊ မေလတွင် တကြိမ်၊ ၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် တကြိမ် ဖိုရမ်များကို နေပြည်တော်၌ ကျင်းပနိုင်ခဲ့ကြောင်း၊ ၃ကြိမ်စလုံးတွင် နိုင်ငံတော်အတိုင်ပင်ခံ တက်ရောက်ခဲ့ကြောင်း၊ နောက်ဆုံးကျင်းပခဲ့သည့် ဖိုရမ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အစိုးရဌာနဆိုင်ရာများ၊ သံတမန်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။<br>• ဖိုရမ်မှ ဆွေးနွေးခဲ့ကြသော အကြံပြုချက်များအပေါ် ထည့်သွင်းစဉ်းစားပြီး စီမံချက်များကို လုပ်ဆောင်နေကြောင်း၊ မြစ်ကြီးနား၊ တနိုင်း၊ မြောက်ဦး၊ ကျောက်တော်၊ ပြည်၊ လာရှိုး၊ စစ်တွေ တို့တွင် ပညာရေး၊ ဘာသာပေါင်းစုံသဟဇာတဖြစ်မှု စသည့်တို့ကို လုပ်ဆောင်နေကြောင်း၊ ပုသိမ်ရှိ စီမံချက်မှာ ပြီးသွားပြီး ဖြစ်ကြောင်း Ko Patrick က အသိပေး မျှဝေခဲ့သည်။ | |
| <u>ရတနာ့မေတ္တာ</u><br>• ဘွဲ့ရပြီးစနှင့် ၁၀ တန်းအောင်ပြီးသော လူငယ်များအတွက် ရည်ရွယ်ပြီး ၆ လ သင်တန်း တစ်ခုကို ဖွင့်လှစ်သွားမှာဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်ကလည်း ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းတွင် ကွန်ပြူတာ၊ အင်္ဂလိပ်စာ၊ ရုံးလုပ်ငန်းဆိုင်ရာများနှင့် အခြားအကြောင်းအရာများ ပါဝင်ကြောင်း ဦးဆန်းထူးက အသိပေးကြေညာခဲ့သည်။<br>• ဆက်သွယ်ရန်- 09 73024794, ratanametta2004@gmail.com | |
| **<u>Equity</u>**<br>• Personnel Development and Organizational Development အစီအစဉ်ကို လုပ်ဆောင်နေကြောင်း၊ ပထမဆုံး အနေဖြင့် Research Methodology ToT သင်တန်းကို ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ ဖိတ်စာကို အီးမေးလ်ဖြင့် ပို့ပေးမည်ဖြစ်ကြောင်း ဒေါ်နိုင်နိုင်ရီက အသိပေးကြေညာခဲ့သည်။ | |
| **<u>CBI</u>** | |

| | |
|---|---|
| • အသင်းအဖွဲ့များအနေဖြင့် ၂၀၁၉ခုနှစ်အတွက် အစီရင်ခံစာကို ဇန်နဝါရီလ ဒုတိယပတ်တွင် နောက်ဆုံးထားပြီး ပို့ပေးရမှာဖြစ်ကြောင်း၊<br>• လိပ်စာမှာ ဥက္ကဋ္ဌ၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော် ဖြစ်ကြောင်း၊ စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့နိုင်ကြောင်း ကိုရန်နိုင်ဌေးက အသိပေးမျှဝေခဲ့သည်။ | |

## အစည်းအဝေး အစီအစဉ် ဒုတိယပိုင်း

-ဒီဇင်ဘာလ ၁၇ ရက်နေ့က ပြုလုပ်ခဲ့သော အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်နှင့် အစည်းအဝေးဆုံးဖြတ်ချက်များကို ကိုရန်နိုင်ဌေးက တင်ပြပြီး ပြင်ဆင်စရာမရှိသည့်အတွက် အစည်းအဝေးမှတ်တမ်းကို အတည်ပြုခဲ့ကြသည်။

- ဆက်လက်၍ ဦးဌေးသိန်းက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒမှ CSO များနှင့် သက်ဆိုင်သည့် ကောက်နုတ်ချက်များကို Powerpoint slide များဖြင့် ရှင်းပြခဲ့သည်။ ဤမူဝါဒသည် ၂၀၁၈ခုနှစ်တွင် DACU က ရေးဆွဲခဲ့သော မူဝါဒဖြစ်ပြီး မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များကို ဖွဲ့စည်းထားကြောင်း၊ CSO များကို ပါဝင်ရန် တိုက်တွန်းထားကြောင်း၊ ပြီးခဲ့သည့်အပတ်က တင်ပြခဲ့သည့် အဖွဲ့ခွဲများအပြင် အခြား အဖွဲ့ခွဲများကို ဖွဲ့စည်းနိုင်ပြီး ပူးပေါင်းပါဝင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း စသည်ဖြင့် တင်ပြခဲ့သည်။

-ထို့နောက်တက်ရောက်လာသူများက မြန်မာအန်ဂျီအိုကွန်ရက်တွင် ပါဝင်ဖွဲ့စည်းမည့်အဖွဲ့ခွဲများကို ဆွေးနွေးခဲ့ကြသည်။ အဖွဲ့ခွဲများကို ဖွဲ့စည်းပြီး ကဏ္ဍအလိုက် ဦးဆောင်မည့်အဖွဲ့များကိုလည်း အောက်ပါအတိုင်း အဆိုပြုခဲ့ကြသည်။

1. Agriculture, Urban and Rural Development (**စိုက်ပျိုးရေး၊ မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး)**

Myandhrra, CDA, Metta Development Foundation, SVS, People Hope

**2.** Education & TVET (**ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း)**

CDEC, H4SS, CBI, New Generation, CVT, Ratna Mahal, PNTH

3. Energy & Electric Power (**လျှပ်စစ်နှင့်စွမ်းအင်)**

4. Environmental Conservation (**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)**

Lanthit Foundation, Brave Heart Foundation, Friends for Wild life, People Hope

5. Health (**ကျန်းမာရေး)**

MHAA, Ratana Metta, SVS, ASDA

6. Job Creation (**အလုပ်အကိုင်ဖန်တီးပေးနိုင်မှု)**

CVT, Ratna Mahal, Equity, Share Mercy

7.Food & Nutrition (**အာဟာရပြည့်ဝမှု)**

MEET, ZWK, The Lights, Metta Development Foundation

8. Social Protection & Disaster Management (**လူမှုကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု)**

SVS, CBI, CDA, 3 H Society, May & Associate, Lanthit Foundation, Ratna Mahal

9. Transport and ICT (**ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာ**)

10. Human Rights (**လူ့အခွင့်အရေး**)

Equality Myanmar, MCRDN, New Generation, Wild Rose, **လောကပါလတရား မြှင့်တင်ရေးအဖွဲ့**, Khanti Foundation, 3H Society

11. Peace & Democratization (**ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ကူးပြောင်းရေး**)

Nyein (Shalom), MCRDN, Religions for Peace, CDEC, Khanti Foundation, Forward Peace Maker, Brave Heart Foundation

12. Small and Medium Enterprises Development (**အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေး**)

MBE, CCN, ZWK, ECLOF,

13. WASH

Thirst-Aid, CDA, WRTC, MHAA, Lanthit Foundation

14. Disable

MFPD, EDEN, Living Water, MDSA

**15.** Rule of Law & Justice (**တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေး**)

CDEC, 3H Society, **တောင်သူလယ်သမား အကျိုးဆောင် ကွန်ရက်၊** STUM, Wild Rose, LRC

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မြန်မာအန်ဂျီအိုကွန်ရက် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။